## Q

နိုင်ငံကူးလက်မှတ်၊ နေထိုင်ခွင့်ကတ်တို့ကို မဖြစ်မနေ သယ်ဆောင်သွားရမည်လား?




## A

အပြင်သွားချိန်တွင်နိုင်ငံကူးလက်မှတ် သို့မဟုတ် နေထိုင်ခွင့်လက်မှတ် ကိုသေချာစွာယူဆောင်သွားပါ။

ငှင်းမှာဂျပန်နိုင်ငံ၏ ဥပဒေအရ သတ်မှတ်ထားခြင်းဖြစ်ပြီး ရဲတစ်ဦးမှ ထိုစာရွက်စာတမ်းများပြရန်တောင်းဆိုလျှင်ပြရမည်ဖြစ်ပြီး ရဲဝန်ထမ်းများ ကိုပူးပေါင်းကူညီပေးပါ။

မိမိအတွက် သတ်မှတ်ထားသော နေထိုင်ခွင့်ပြင်ပလှုပ်ရှားများ ပြုလုပ်ခြင်း၊ နေထိုင်ခွင့်ကာလ ကျော်လွန်ပြီးဂျပန်တွင် နေထိုင်ခြင်းသည်ဥပဒေချိုးဖောက်မှုဖြစ်ပြီးအရေးယူခံရမည်။

သတ်မှတ်ထားသောစည်းကမ်းများကိုလိုက်နာပြီး ဂျပန်တွင် သက်တောင့်သက်သာ နေထိုင် ကြရအောင်။

## Q

ငလျင်စသည့်ဘေးအန္တရာယ်များ ဖြစ်ပွားချိန်တွင် မည်သို့ဆောင်ရွက်ရမလဲ?



## A

ငလျင်စသည်တို့ဖြစ်ပွားလျှင် ရဲဝန်ထမ်းများသည်အားလုံး၏အသက်နှင့် ကိုယ်ခန္ဓာကို ဦးစားပေးပြီးဘေးလွတ်ရာကို တိမ်းရှောင်ရန် လမ်းပြကာ အရေးပေါ်ကယ်ဆယ် စောင့်ရှောက်ရေးနှင့် အမြင့်ပိုင်းနေရာများမှ ကယ်ဆယ်ရေးစသည့် ကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ဆောင်ပါမည်။

တီဗီနှင့်ရေဒီယိုစသည်တို့မှသတင်းအချက်အလက်များနှင့်ဘေးအန္တရာယ်ကာကွယ်ရေးသတိပေးချက်များကိုသေချာစွာနားထောင်ပြီးစိတ်တည်ငြိမ်စွာပြုမူလှုပ်ရှားကြပါ။

ရဲစခန်းနှင့်ရပ်ကွက်ဝန်ထမ်းများမှဘေးလွတ်ရာတိမ်းရှောင်ကြရန်ပြောကြားလာချိန်တွင်အချိန်မရွေး တိမ်းရှောင်နိုင်ရန်ပြင်ဆင်ထားပါ။

ရထားအတွင်းတွင်ရထားဝန်ထမ်း၏လမ်းညွှန်ချက်နှင့်ဦးဆောင်မှုအတိုင်းလိုက်နာကာတိမ်းရှောင်ပါ။

ငလျင်ကြီးဖြစ်ပွားချိန်တွင်ကုန်းလမ်းရှုပ်ထွေးခြင်းနှင့်အန္တရာယ်များကိုတားဆီးနိုင်ရန်အတွက်မော်တော်ကားနှင့်ဆိုင်ကယ်များအသုံးပြုနိုင်ခြင်းမရှိပါ။

# ဘေးကင်းလုံခြုံသောလူနေမှုဘဝ

# Q & A

## ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက်



တိုကျိုမြို့တော်

ရဲဌာန

မြန်မာဘာသာ
ミャンマー語

ဟုမ်းပေ့ချ်

街とともに。人とともに。
FOR MORE COMMUNICATION
けいしちょう


リサイクル適性Ⓐ この印刷物は、印刷用の紙へリサイクルできます。

## Q အခက်အခဲတွေကြုံလာပါက မည်သည့်နေရာသို့ ဆက်သွယ်သင့်ပါသလဲ?





**A**

အခက်အခဲတွေ့ကြုံပါက
ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားပါ။
အရေးပေါ်အခြေအနေ
မှုခင်း၊ မတော်တဆမှုများအတွက်
ရဲစခန်း 「110」သို့ ဖုန်းဆက်ပါ။

မီးလောင်မှု၊ နာမကျန်းမှု၊
ထိခိုက်ဒဏ်ရာရမှုများအတွက် မီးသတ်ဌာန 「119」သို့ ဖုန်းဆက်ပါ၊

## Q ရဲစခန်းကိုမည်သို့ အကြောင်းကြားရမလဲ?




**A**

ယာဉ်မတော်တဆမှုများ၊
ဒုစရိုက်မှုများကြောင့်အန္တရာယ်ကြုံတွေ့ရချိန်

တွင်အရေးပေါ် ရဲစခန်း ဖုန်းနံပါတ် '110' သို့ဖုန်းခေါ်ပါ။

ဂျပန်စကားမပြောတတ်လျှင်စကားပြန်စင်တာမှတဆင့်အကြောင်းစုံကို

မေးမြန်းပါမည်။

တဖန် ကျပျောက်သည့် ပစ္စည်းများနှင့်
ကောက်ရသည့်ပစ္စည်းများကို အနီးဆုံးရဲစခန်း သို့မဟုတ်
ကင်းလှည့်ရဲ ('KOBAN') ထံပေးပို့ပါ။

ရဲစခန်းဆွေးနွေးတိုင်ပင်ရေးဌာန 「#9110」သည်
တိုင်ပင်ဆွေးနွေးဖို့မဖြစ်နိုင်ဟုထင်ရသည့်
ဆွေးနွေးစရာကိစ္စရပ်များအား
မည်သည့်နေရာများသို့ဆက်သွယ်သင့်ကြောင်း
ပြောပြကူညီပါလိမ့်မည်။

## Q ဂျပန်နိုင်ငံ၏အခြေခံလမ်းစည်းကမ်းများကိုပြော ပြပါ။



**A**

ဂျပန်တွင် လမ်းသွားလမ်းလာများအတွက်
ညာကပ်၊ မော်တော်ကားနှင့် စက်ဘီးများအတွက်
ဘယ်ကပ်၍သွားလာ မောင်းနှင်ခြင်းမှာ အခြေခံ
စည်းကမ်းဖြစ်ပြီး လမ်းသွားလမ်းလာများကို
ဦးစားပေးသည်။

လမ်းသွားလမ်းလာများသည်လူသွားလမ်းရှိသည့်နေရာမှသွား လာပြီး

လမ်းဖြတ်ကူးချိန်တွင်အနီးဆုံးလူကူးမျဉ်းကြားကို အသုံးပြုပါ။
စက်ဘီးများအတွက်ကားလမ်းမှမောင်းနှင်ရန်မှာအခြေခံစည်း
မျဉ်းဖြစ်သည်။ ကားလမ်းဘယ် ဘက်တွင်
လမ်းကြောတကြောတည်းဖြင့် မောင်းနှင်ရမည်။

စက်ဘီးဖြင့်လူသွားလမ်းကိုအသုံးပြုနိုင်ခြင်းမှာ
အချက်ပေးဆိုင်းဘုတ်များဖြင့် လူသွားလမ်း
အသုံးပြုနိုင်သည့်အခါမျိုးနှင့် ကားလမ်းအသုံးပြုရန်
အန္တရာယ်များသည့်အခါမျိုးဖြစ်ပြီး လမ်းသွား
လမ်းလာများအနှောင့်အယှက် မဖြစ်စေရ။
မီးပွိုင့်ရှိရာလမ်းဆုံများတွင်မီးပွိုင့်အချက်ပေးမီးကိုလုံးဝလိုက် နာပါ။

တဖန်အရက်သောက်ထားလျှင်မော်တော်ကားမှအစပြု၍စက်
ဘီးပင်မမောင်းနှင်ရ။
လမ်းစည်းကမ်းနှင့်ကျင့်ဝတ်ကိုစောင့်ထိန်းပြီးဘေးကင်းသော
ယာသောသွားလာနေထိုင်မှု
ပတ်ဝန်းကျင်ကိုတည်ဆောက်ကြရန်ပူးပေါင်းဆောင်ရွက်ပေးကြ ပါ။